သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်
SĀSANAMOLI
INTERNATIONAL BURMESE MONKS ORGANIZATION
84-32, Apt#2A, GRAND AVE, ELMHURST, NY 11373, U.S.A. Tel & Fx: (718) 426-3959 www.burmesemonks.org

# လေးနက်စွာ မေတ္တာရပ်ခံချက်

နေ့စွဲ ၂၀၀၉ ခု ဒီဇင်ဘာလ ၄ ရက်

၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များ အဖွဲ့ချုပ်၏ ဒုတိယမြောက် နှစ်ပတ်လည် သံဃာ့ညီလာခံကို နယူးယောက်မြို့ Pam American Hotel တွင် ကျင်းပ ပြုလုပ် ခဲ့ပါသည်။

ယင်းသံဃာ့ညီလာခံသို့ ကြွရောက်တော်မူခဲ့ကြသည့် သံဃာတော် အရှင်သူမြတ်တို့က ပြည်ထောင်စု မြန်မာနိုင်ငံတော် နအဖ အစိုးရအဖွဲ့မှ ထုတ်ပြန်ကြေငြာထားသည့် ၂၀၁၀ ခုနှစ်ရွေးကောက်ပွဲသည် ပြည်ထောင်စု တိုင်းရင်းသူ တိုင်းရင်းသားတို့ ဖွဲ့စည်းထားသော ပါတီပေါင်းစုံ ပါဝင်ယှဉ်ပြိုင်ခွင့် ရှိမှသာလျှင် ပြည်သူတို့လိုအင်ဆန္ဒနှင့် ကိုက်ညီ၍ မှန်ကန်မျှတသော ပြည်သူ့ရွေးကောက်ပွဲဟု ခေါ်ဆိုနိုင်မည်။

## ဤရွေးကောက်ပွဲမျိုးမှသာလျှင်-

၁။ ပြည်သူများ သာယာဝပြောစွာ နေထိုင်ရ၍ မိမိတို့ အသက်စည်းစိမ် အိုးအိမ်တို့အတွက် အာမခံချက် ရရှိမည်၊
၂။ ကမ္ဘာ့နိုင်ငံများနှင့် တန်းတူညီမျှ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် နိုင်ငံတော်၏ လိုအပ်ချက်များကို မြှင့်တင်ပေးနိုင်လိမ့်မည်၊
၃။ ယနေ့ အိမ်နီးနားချင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်နေသလို မြန်မာနိုင်ငံတော်အတွက် အလားတူကြိုးပမ်းလုပ်ဆောင်နိုင်ခွင့် ရရှိမည်၊
၄။ ကမ္ဘာကြီး၏ လျှင်မြန်စွာ ပြောင်းလဲမှုကို အမီလိုက်နိုင်အောင် ကြိုးပမ်းနိုင်မည်၊
၅။ နိုင်ငံတကာကလည်း အသိအမှတ်ပြု လေးစားလာမည်ဟု မမိုတ်မသုံ ယုံကြည်တော်မူကြသဖြင့် ပြည်သူတို့၏ ထာဝစဉ် ချေမ်းမှုကို ရှေးရှု၍ ပါတီပေါင်းစုံ ပါဝင်ယှဉ်ပြိုင်နိုင်သည့် ရွေးကောက်ပွဲမျိုး ဖြစ်လာနိုင်ရေးအတွက် မပျက်မကွက် ဆောင်ရွက်ပေးပါရန် တာဝန်ရှိ နအဖအဖွဲ့ဝင်တို့အား လေးနက်စွာ တိုက်တွန်းမေတ္တာရပ်ခံလိုက်ပါသည်။

ထာဝရကြည်လင်သော မေတ္တာရေစင်ဖြင့်-

ပီနန်ဆရာတော် ဦးပညာဝံသ
ဥက္ကဋ္ဌ
သာသနာ့ဥသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်
နယူးယောက်